**Press Release**

## COVID-19 ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များကို ကူညီထောက်ပံ့ရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အေးရှားဝေါလ်ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်းတစ်ထောင်လှူဒါန်း

- **အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတွင်း လူမှုစီးပွားရေးအခြေအနေများကို ထိခိုက်ဆုံးရှုံးမှု ဖြစ်ပေါ်စေသည့် ကမ္ဘာ့ကျန်းမာရေးပြဿနာ ၊ COVID – 19 ကို တိုက်ထုတ်ရာတွင် စွမ်းစွမ်းတမံ ပါဝင် ဆောင်ရွက်နေ**

**ရန်ကုန်၊ မြန်မာ - ဇွန်လ ၂၅ ရက်၊ ၂၀၂၀ ခုနှစ်** - အေးရှားဝေါလ်ကုမ္ပဏီ (“**AWC**”) မှ ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့အကျိုးပြုပရဟိတအဖွဲ့အစည်းဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်း (“**AWF**”) မှ မန္တလေးတိုင်းဒေသကြီး၏ ကူးစက်မြန်ကပ်ရောဂါ COVID-19 ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များကို ကူညီထောက်ပံ့ရန် ငွေကျပ်သိန်းတစ်ထောင်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးချုပ်သို့ သွားရောက်ပေးအပ်လှူဒါန်းခဲ့ရာ အဆိုပါ လှူဒါန်းပေးအပ်ငွေကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ လက်ခံရယူခဲ့ပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် လတ်တလော ကျရောက်နေသော ကပ်ရောဂါကြောင့် တစ်ကမ္ဘာလုံး နှင့် နိုင်ငံတွင်း သက်ရောက်မှုများကို သိရှိပြီး **AWF** ၏ မျှော်မှန်းချက် နှင့် တန်ဖိုးထားသော မူဝါဒများအတိုင်း နိုင်ငံတော်၏ လိုအပ်ချက်များကို အမြဲတစေ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါသည်။




*မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ အလှူငွေလက်ခံရယူနေစဉ်*

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်မှ "ယခုလိုမျိုး ခက်ခဲပြီး စိန်ခေါ်မှုများသောကာလအတွင်း ပုဂ္ဂလိကအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့ပေးမှုဟာ အလွန်ပဲ အရေးပါပါတယ်။ အစိုးရ နှင့် ပုဂ္ဂလိက အတူ လက်တွဲကာ ရှေ့ဆက်ကြုံတွေ့ရမယ့် စိန်ခေါ်မှုများကို အတူတကွကျော်လွှားရမှာဖြစ်ပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

ယခုအကြိမ်လှူဒါန်းမှုသည် အေးရှားဝေါလ်ဖောင်ဒေးရှင်း (“**AWF”)** မှ ကူးစက်မြန်ကပ်ရောဂါ COVID-19 ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းစဉ်များကို ကူညီထောက်ပံ့ရန် ငွေကျပ်သိန်းတစ်ထောင်ကို COVID – 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားဗဟိုအဆင့်ကော်မတီသို့ မတ်လ ၃၀ရက်နေ့၊ ၂၀၂၀ ခုနှစ်၌ နေပြည်တော်ရှိ မြန်မာနိုင်ငံ၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီး ဌာနရုံးချုပ်တွင် ပေးအပ်လှူဒါန်းခဲ့ပြီးနောက် ဒုတိယအကြိမ်မြောက်လှူဒါန်းမှု ဖြစ်ပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် နိုင်ငံတော်နှင့် အခြားဆက်စပ်အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းကာ နိုင်ငံအတွင်း လိုအပ်နေသော နေရာဒေသများကို ကူညီပံ့ပိုးနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ဆက်လက်၍ မြန်မာနိုင်ငံသားများ၏ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ပါဝင်ပံ့ပိုးဆောင်ရွက်သွားရန် သံဓိဋ္ဌာန်ချမှတ်ထားသည်နှင့်အညီ နိုင်ငံတစ်ဝှမ်းတွင် လူထုအကျိုးပြုပရဟိတလုပ်ငန်းများကို ဆက်လက်အားထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

– END –

**အေးရှားဝေါလ်ဖောင်ဒေးရှင်းအကြောင်း**

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အေးရှားဝေါလ်ကုမ္ပဏီ၏ ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံသားများအတွက် ကောင်းမွန်ပြည့်စုံသော လူနေမှုဘဝရရှိရေးကိုဖော်ဆောင်သော စီမံကိန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန် သံဓိဋ္ဌာန်ချမှတ်ထားပြီး အေးရှားဝေါလ်ကုမ္ပဏီစတင်တည်ထောင်ခဲ့သည့် အချိန်မှစ၍ လူထုအကျိုးပြုပရဟိတလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိရာ ပညာရေး၊ သဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် ကဏ္ဍများစွာတွင် လှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာကြီးနှင့် ကူးလူးဆက်သွယ်ရာလမ်းကြောင်းများဖွင့်လိုက်သည့်အားလျော်စွာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အခွင့်အလမ်းသစ်များစွာလည်း ပေါ်ပေါက်လာပါသည်။ မြန်မာနိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေး

အတွက် ပညာရေးကဏ္ဍတိုးတက်မှုသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည့်အားလျော်စွာ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေဖြင့် ပညာရေးကဏ္ဍတိုးတက်ရေးလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။

အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အငူမော်နှင့် မောင်တောကို ဆက်သွယ်ပေးသော ၅၄ ကီလိုမီတာရှိ ကွန်ကရစ်လမ်းသစ်ကို မကြာသေးမီကာလကပင် လှူဒါန်းဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ လမ်းသစ်သည် ရခိုင်ပြည်နယ်တွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။